# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## (၁၈) ရက်မြောက်နေ့ အစီအစဉ်

## [ ၁၇–၉–၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်၊ လေးတောင်နယ် ဒေသရှိ ဆန်တင်မော်ဆိပ်ကမ်းနှင့် ကျောက်ဦးမော်ဆိပ်ကမ်းနေ ရေလုပ်သားများအတွက် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ခိုနားနိုင်ရန် ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အဦ (Multi Purpose Cyclone Shelter) တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **ဝိန်းနောင်–ပန်ကြို–မိုက်ဟုန်း– လွယ်ကျန့်–ပန်ဝေါ့–ရောင်အူကြီး မြေသားလမ်း (၁၄)မိုင်တွင် ဆက်လက် ဖောက်လုပ်ရန် ကျန်ရှိသည့် “ပန်ဝေါ့–လွယ်ကျန့်–မိုက်ဟုန်း”**

**မြေသားလမ်း (၆) မိုင်နှင့် "မန်ကောင်း–နော်ဝ" မြေသားလမ်း (၇) မိုင်တို့အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဘောလခဲမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သော ပညာလေ့ကျင့်ရေးကျောင်းမှ ကျောင်းသားများခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးမျှတမှုမရှိသလို ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် မည်ကဲ့သို့ မူဝါဒများ ချမှတ်၍ ခေါ်ယူနေသည်ကို သိရှိလိုခြင်းနှင့် နောက်နောင်ခေါ်ယူရာတွင် မြို့နယ်အလိုက် အချိုးကျခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်၊ ဖရုံချောင်း ကျေးရွာလူကူးကြိုးတံတား (၃၅၀) ပေ တစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အရေးကြီးပြီး ပြည်သူလူထု အများဆုံးအသုံးပြုနေသည့် ဆရဲဂျာထန် ကြိုးတံတား (၁၁၀) ပေ၊ ကျီးဒူချောင်းကူးကြိုးတံတား (၁၅၀) ပေ၊ မော်ခိုဝါ ကြိုးတံတား (၈၀) ပေ၊ မိုကိုဆားကြိုးတံတား (၁၄၀) ပေ တို့အား အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ရှိတ်ညို–လုံကျန်း လမ်းပေါ်မှ Box Culvert များအား သတ်မှတ်စံနှုန်းများအတိုင်း ဆောင်ရွက်ထားမှု မရှိသော Global Land ကုမ္ပဏီအား အသစ်ပြန်လည် ဆောင်ရွက်စေခြင်းအပြင် အခြားမည်သို့သော ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီး– ဂျီလာ–သာယာလမ်း (၁၀) မိုင်၊ ကူကီး–ဂျီလာ–သာယာလမ်း (၁၀)မိုင်၊ မိုဒွန်ရွာမ– ဝမ်းဘဲ ရွာဟောင်းလမ်း (၁၀)မိုင်နှင့် မသော်ရီ– ရော်ပါးမီ–ရောဟော်လမ်း (၁၀)မိုင်၊ (၁၈)ပေ အား မြေသားလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"စားသုံးသူ ကာကွယ်ရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။